UNHCR
The UN Refugee Agency

# MEDIA MONITORING REPORT – OCTOBER 2015

## တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

အောက်တိုဘာလ(၁၅)ရက်နေ့ကြာသာပတေးနေ့၌နေပြည်တော်တွင်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စုစုပေါင်း(၁၅)ဖွဲ့မှ(၈)ဖွဲ့တို့သည်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကိုလက်မှတ်ရေးထိုးခဲ့သည်။အရှေ့တောင်အာရှနိုင်ငံတွင်ဆယ်စုနှစ်ခြောက်စုထက်မနည်းသောပြည်တွင်းပဋိပက္ခများပြီးဆုံးသည့်နောက်ပိုင်းတွင်ငြိမ်းချမ်းရေးဆီသို့ရှေ့ဆက်မည့်အဓိကကျသောခြေလှမ်းတစ်ခုပင်ဖြစ်သည်။အခမ်းအနားတွင်နိုင်ငံတကာအသိသက်သေများဖြစ်ကြသောကုလသမဂ္ဂ၊ဥရောပသမဂ္ဂ၊တရုတ်၊အိန္ဒိယ၊ထိုင်းနှင့်ဂျပန်နိုင်ငံစသည်တို့အပါ  အဝင်နိုင်ငံခြားသံတမန်နိုင်ငံများ၊နိုင်ငံရေးပါ  တီများ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများစသည်တို့မှတက်ရောက်လေ့လာခဲ့ကြသည်။ [1]

NCAတရားဝင်လက်မှတ်ရေးထိုးခြင်းမတိုင်မီသုံးရက်အလိုတွင်အစိုးရမှလက်မှတ်ရေးထိုးမည့်လက်နက်ကိုင်အဖွဲ့(၈)ဖွဲ့အား"မတရားအသင်း"စာရင်းနှင့်"အကြမ်းဖက်အဖွဲ့အစည်း"စာရင်းအသီးသီးမှပယ်ဖျက်ပေးခဲ့သည်။

NCA အစိုးရနှင့်အတူလက်မှတ်ရေးထိုးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှာ-

(၁) ကရင်အမျိုးသားအစည်းအရုံး (KNU)
(၂) ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA)
(၃) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)
(၄) ချင်းအမျိုးသားတပ်ဦး (CNF)
(၅) ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံး (PNLO)
(၆) မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)
(၇) ရခိုင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ALP)
(၈) ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/ရှမ်းပြည်နယ်တောင်ပိုင်းတပ်မတော် (SSA-S)တို့ဖြစ်သည်။




*The Global New Light of Myanmar, 16 October 2016, Vol. II, No. 178*

အဖွဲ့(၇)ဖွဲ့မှာရင်းတို့သည်လောလောဆယ်တွင် NCA ကိုလက်မှတ်ရေးထိုးရန်အဆင်သင့်မဖြစ်သေးကြောင်းပြောကြားခဲ့သည်။[2] ၎င်းတို့မှာ -

(၁) ကချင်လွတ်မြောက်ရေးအစည်းအရုံး (KIO)
(၂) ကရင်နီအမျိုးသားတိုးတက်ရေးပါ တီ (KNPP)
(၃) အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA)
(၄) မွန်ပြည်သစ်ပါ တီ (NMSP)
(၅) နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် (NSCN-K)
(၆) ရှမ်းပြည်တိုးတက်ရေးပါ တီ /ရှမ်းပြည်မြောက်ပိုင်းတပ်မတော် (SSPP/SSA-N)
(၇) "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)

အခြားတိုင်းရင်းသားအဖွဲ့(၃)ဖွဲ့အားအစိုးရနှင့်ပဋိပက္ခကြာကြာဖြစ်ပွားသောအဖွဲ့များမဟုတ်သည့်အကြောင်းအချက်ပေါ်အခြေခံ၍အစိုးရမှ၎င်းတို့အားနိုင်ငံရေးဆွေးနွေးပွဲ [3]တွင်ပါ ဝင်ရန်သဘောတူညီခဲ့သည်။[4] ထိုအဖွဲ့များမှာ -

(၁) လားဟူဒီမိုကရက်တစ်ပြည်ထောင်စု
(၂) ရခိုင်အမျိုးသားကောင်စီ
(၃) "ဝ" အမျိုးသားအစည်းအရုံး တို့ဖြစ်သည်။

အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသီးခြားဆွေးနွေးမည့်အဖွဲ့များမှာ-

(၄) ကိုးကန့်မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)
(၅) ရက္ခိုင်တပ်မတော် (AA)
(၆) တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) တို့ဖြစ်သည်။

## NCA ပြီးသည့်နောက်ပိုင်းဖွံ့ဖြိုးတိုးတက်မှုများ

အမေရိကန်နိုင်ငံအစိုးရနှင့် ဥရောပသမဂ္ဂနှစ်ခုစလုံးမှNCAလက်မှတ်ရေးထိုးခြင်းကိုကြိုဆိုလိုက်ပြီးကျန်ရှိနေသေးသည့်အဖွဲ့များကိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏နောက်ထပ်အဆင့်များတွင်ပါ ဝင်ကြရန်အခိုင်အမာတိုက်တွန်းခဲ့သည်။ [4]

NCAကိုလက်မှတ်ရေးထိုးခဲ့သည့်မြန်မာအစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများသည်စာချုပ်ကိုအကောင်အထည်ဖော်ဆောင်ရန်အတွက်ပူးတွဲကော်မတီ(၂)ရပ်ကိုဖွဲ့စည်းခဲ့ပြီးနိုင်ငံရေးဆွေးနွေးပွဲဆီသို့နောက်ထပ်ခြေလှမ်းများရှေ့ဆက်ဆောင်ယူသွားမည်ဖြစ်သည်။

- အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီသည်လက်နက်ကိုင်တိုက်ပွဲများပြန်လည်ဖြစ်ပွားခြင်းကိုကာကွယ်ရန်အတွက်ဖြစ်ပြီးပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုများပူးတွဲကော်မတီသည်နိုင်ငံရေးဆွေးနွေးပွဲများကိုပံ့ပိုးကူညီပေးရန်ဖြစ်သည်။ ကျန်ရှိနေသေးသည့်အဖွဲ့များကိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်လာရန်အတွက်အဖွဲ့အားလုံးမှကြိုးပမ်းကြရန်သဘောတူညီခဲ့သည်။

- လက်မှတ်ရေးထိုးသူများသည်NCAလက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းရက်(၆၀)အတွင်းနိုင်ငံရေးမူဘောင်ရေးဆွဲမည်ဖြစ်ပြီးနိုင်ငံရေးဆွေးနွေးပွဲကိုရက်(၉၀)အတွင်းစတင်ပြုလုပ်မည်ဖြစ်သည်။လက်မှတ်ရေးထိုးသူများသည်လုပ်ငန်းစဉ်များကိုပြန်လည်သုံးသပ်ရန်တွက်နိဝင်ဘာလလယ်တွင်ထပ်မံတွေ့ဆုံမည်ဖြစ်သည်။

- အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသည့်နေရာဒေသများတွင်ဖွံ့ဖြိုးတိုးတက်မှုများဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။NCAတွင်ချမှတ်ထားသည့်အတိုင်းဖွံ့ဖြိုးတိုးတက်မှုများအတွက်အစိုးရမှနိုင်ငံတကာအလှူရှင်များ၏အကူအညီဖြင့်ငွေကြေးစတင်ပံ့ပိုးပေးမည်ဖြစ်သည်။ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းအပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးရသေးသည့်အဖွဲ့များ၏နေရာဒေသများတွင်သက်ဆိုင်ရာအဖွဲ့များ၏သဘောတူညီမှုအပေါ်မူတည်၍လုပ်ဆောင်သွားမည်ဖြစ်သည်။

- ထိပ်ဆုံးဦးစားပေးများမှာမြေမြုပ်မိုင်းရှင်းလင်းခြင်း၊အစားအစာနှင့်အမိုးအကာပံ့ပိုးကူညီပေးခြင်းနှင့်အစေပိုင်းပဋိပက္ခများကြောင့်ထွက်ပြေးလာပြီးနောက်ပိုင်းတွင်နေရပ်သို့ပြန်လည်အခြေချချင်သောသူများအားအလုပ်အကိုင်ဖန်တီးပေးခြင်းနှင့်အကူအညီများပံ့ပိုးပေးခြင်းစသည်တို့ပါ ဝင်သည်။ [5]

မြန်မာနိုင်ငံတွင်တရားဥပဒေစိုးမိုးမှုနှင့်ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲခြင်းဆီသို့သွားရန်အတွက်NCAသည်မှချလိုအပ်ပြီးသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။၎င်းသည်ပြီးပြည့်စုံသောနိုင်ငံရေးဆွေးနွေးပွဲများစတင်ရန်နှင့်အမျိုးသားရင်ကြားစေ့ရေးဆီသို့နောက်ထပ်ခြေလှမ်းများစတင်ရန်၊ပြည်သူအားလုံးအခွင့်အရေးကိုလေးစားရန်နှင့်အားလုံးအတွက်တန်းတူညီတူဖွံ့ဖြိုးတိုးတက်ရေးစသည်တို့စတင်ရန်အတွက်လည်းလမ်းဖွင့်ပေးလိုက်ခြင်းပင်သည်။ [6]




---

[1] Xihnua, 15 October 2015, "Myanmar gov't signs nationwide ceasefire accord", http://www.china.org.cn/world/2015-10/15/content_36817762.htm

[2] The Global New Light of Myanmar, 16 October 2015, "Peace Deal Signed", http://issuu.com/yelay/docs/16_oct_15_gnlm_0805103f78fe8f

[3] Xihnua, 15 October 2015, "Myanmar gov't signs nationwide ceasefire accord", http://www.china.org.cn/world/2015-10/15/content_36817762.htm

[4] ELEVEN, "Struggle to earn ethnic rebels' trust", http://www.elevenmyanmar.com/opinion/struggle-earn-ethnic-rebels-trust

[5] Council of the European Union, 15 October 2015, "Declaration by the EU High Representative on the occasion of the signing of the NCA", http://www.consilium.europa.eu/en/press/press-releases/2015/10/15-declaration-hr-myanmar

[6] U.S Department of State, 15 October 2015, "Signing of the Nationwide Ceasefire Agreement in Burma", http://www.state.gov/r/pa/prs/ps/2015/10/248222.htm, paragraph 1

The content of this UNHCR Media Monitoring Report does not reflect the official view or opinion of UNHCR.

**Links:**
Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren